# ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းပညာပေးသင်တန်း ရက်ချိန်းကို ကြိုတင်စာရင်းသွင်း (Online Booking) ခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ရန်ကုန်) တွင် "ခ" ယာဉ်မောင်းလိုင်စင်ဖြေဆိုခွင့် လျှောက်ထားသူများအား ယခင်က ယာဉ်မောင်းသင်တန်းဆင်းလက်မှတ်တင်ပြနိုင်မှသာလက်ခံခွင့်ပြုလျက်ရှိရာမှ ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူ ချောမွေ့စေရေးအတွက် သင်တန်းဆင်းလက်မှတ်မလိုအပ်ဘဲ ဖြေဆိုခွင့်ပြုခြင်းကို (၂၆.၂.၂၀၁၈) ရက်နေ့မှ စတင်၍ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ထိုသို့သင်တန်းဆင်းလက်မှတ် မလိုအပ်ဘဲ ဖြေနိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းကို တိုင်းဒေသကြီးဦးစီးမှူးရုံး (ရန်ကုန်)၌ (၂၆.၂.၂၀၁၈)ရက်နေ့မှစတင်၍ ရုံးဖွင့်ရက် တစ်ရက်လျှင် သင်တန်းသား (၄၀၀)ဦးအထိ နံနက်(၀၈:၃၀ မှ ၁၂:၃၀ ထိ) တစ်ကြိမ်၊ ညနေ(၁၂:၃၀ မှ ၁၆:၃၀ ထိ) တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ် လက်ခံဖွင့်လှစ် သင်ကြားပေးလျက် ရှိပါသည်။

၃။ အဆိုပါသင်တန်းတက်ရောက်ခွင့်အတွက်[www.rtad.gov.mm](http://www.rtad.gov.mm) Website တွင် အနည်းဆုံး (၃)ရက်မှ အများဆုံး (၃၀) ရက်အထိ Online Booking ကြိုတင်ရယူရမည် ဖြစ်ပါသည်။ သင်တန်းစတင်ဖွင့်လှစ်ချိန်တွင် Online Booking System ကို သတိမပြုမိကြခြင်း၊ မည်သို့ဆောင်ရွက်ရမည်ကို မသိရှိခြင်းတို့ကို ထည့်သွင်းစဉ်းစားလျက်Booking မလုပ်ဘဲ သင်တန်း တက်ရောက်ရန်ရုံးသို့ရောက်ရှိလာသည့် သင်တန်းသားများအား လက်ခံသင်ကြားပေးလျက် ရှိပါသည်။ သို့သော် ၂၀၁၈ ခုနှစ် မေလ (၂)ရက်နေ့မှ စတင်၍ သင်တန်းတက်ရောက်ရန် Online Booking System ဖြင့် ကြိုတင်စာရင်းသွင်းမှုမရှိသည့် သင်တန်းသားများအား လက်ခံတက်ရောက်ခွင့်ပြုမည် မဟုတ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ Online Booking System အသုံးပြုရန် အသေးစိတ် အချက်အလက်များအား [www.motc.gov.mm](http://www.motc.gov.mm) ၊ [www.myanmarrtad.com](http://www.myanmarrtad.com) ၊ [www.rtad.gov.mm](http://www.rtad.gov.mm) Website များနှင့် **Ministry of Transport and Communications, Myanmar** Facebook Page တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်-

- ရုံးချုပ် (နေပြည်တော်)- ၀၆၇-၃၄၀၅၁၈၁၊ ၀၆၇-၃၄၀၅၃၅၉ ၊ ၀၆၇-၃၄၀၅၀၉၉
- တိုင်းဒေသကြီး (ရန်ကုန်) - ၀၁-၅၇၀၉၆၇